**ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ ပြည်ပသို့တင်ပို့ခြင်း၊ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ ရောနှော ပါဝင်မှုမရှိသော ကုန်ကြမ်းအဖြစ် တိုက်ရိုက်အသုံးပြုနိုင်သည့် Recycle ပြုလုပ်၍ရသော ပလတ်စတစ်နှင့် အခြားကုန်ကြမ်းပစ္စည်းများအား တင်သွင်းခြင်း/တင်ပို့ခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာန၏ ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားမှတ်ချက်တောင်းခံရာတွင် လိုအပ်သည့် အချက်အလက်များအား အသိပေးခြင်း**

၁။ မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် ဘေးအန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများနှင့် ၎င်းတို့၏ စွန့်ပစ်မှုအား နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းကို ထိန်းချုပ်ခြင်းဆိုင်ရာ ဘာဆယ်ကွန်ဗင်းရှင်းသို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဘာဆယ်ကွန်ဗင်းရှင်း ဆိုင်ရာ Focal Point အနေဖြင့် ဘာဆယ်ကွန်ဗင်းရှင်း၏ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် စွန့်ပစ်ပစ္စည်းများကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော ခိုင်လုံသည့်စီမံခန့်ခွဲမှုစနစ် (Environmental Sound Management- ESM) ဖြင့် စီမံဆောင်ရွက် နိုင်ရန် နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များရှိနေခြင်းတို့ကြောင့် မည်သည့်စွန့်ပစ်ပစ္စည်းများကိုမျှ တင်သွင်းခွင့်မပြုသေးပါ။

၃။ စွန့်ပစ်ပစ္စည်းများအား မြန်မာနိုင်ငံအတွင်း၌ Transit Trade စနစ်ဖြင့် ဖြတ်သန်းသယ်ဆောင်ခြင်း များနှင့်ပတ်သက်၍ အဆိုပါပစ္စည်းများ သယ်ဆောင်ရာလမ်းခရီးတစ်လျှောက်၌ ကြပ်မတ်စစ်ဆေးရန် အခက်အခဲရှိခြင်း၊ တစ်ဖက်နိုင်ငံသို့ သယ်ဆောင်ရာလမ်းခရီးတွင် မမျှော်လင့်သော ပတ်ဝန်းကျင် ညစ်ညမ်းမှုတစ်ခုခု ဖြစ်ပေါ်လာနိုင်ခြင်း၊ အဆိုပါပစ္စည်းများအား တစ်ဖက်နိုင်ငံမှ တင်သွင်းရန် လက်မခံတော့ခြင်းစသည့် ဖြစ်လာနိုင်သော ပြဿနာများကို ထည့်သွင်းစဉ်းစား၍ Transit Trade စနစ်ဖြင့် ဖြတ်သန်းသယ်ဆောင်မှုအား ခွင့်ပြုခြင်း မရှိသေးပါ။

၄။ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ ပြည်ပသို့တင်ပို့ခြင်း၊ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ ရောနှောပါဝင်မှုမရှိသော ကုန်ကြမ်းအဖြစ် တိုက်ရိုက်အသုံးပြုနိုင်သည့် Recycle ပြုလုပ်၍ရသော ပလတ်စတစ်နှင့်အခြားကုန်ကြမ်းပစ္စည်းများအား တင်သွင်းခြင်း/တင်ပို့ခြင်းအတွက် ပတ်ဝန်းကျင် ဆိုင်ရာ သဘောထားမှတ်ချက်တောင်းခံရန် လိုအပ်မည်ဖြစ်ပါကြောင်းနှင့် သဘောထားမှတ်ချက် တောင်းခံ ရာတွင် လိုအပ်သည့် အချက်အလက်များအား အသိပေးအပ်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန